ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (26-7-2005) (၄၆၆၈)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နှစ်(၄၀)မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံသို့ ၂၀၀၅ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ နှစ်(၄၀)မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယအတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၅

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai နှင့်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အပေါ်ပုံ)

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai နှင့်အဖွဲ့အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ တွေ့ဆုံပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၂၆-၇-၂၀၀၅
(အင်္ဂါနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ လျှောက်လှမ်း

၁၉၈၅ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးစိုင်းကူခေါင်းဆောင်သော SSNA တပ်မဟာ (၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSAခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်သည့် အခမ်းအနားကို ဇူလိုင်လ ၂၃ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စု အားကစားကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် နယ်မြေဒေသ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ဒေသခံပြည်သူများ ဥပဒေဘောင်အတွင်း၌ ငြိမ်းချမ်းသာယာစွာ နေထိုင်သွားလာ လုပ်ကိုင်စားသောက်နိုင်ရေးတို့သည် မရှိမဖြစ်လိုအပ်ချက်များဖြစ်သည်။

ယခုအချိန်အခါကဲ့သို့ နိုင်ငံတော်၏ မှန်ကန်သောဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကြိုးမာန်တက်ကြိုးပမ်းလျက်ရှိနေချိန်တွင် ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်လာခြင်းသည် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုး တိုးတက်ရေးကိုလည်း လျင်မြန်စွာ အထောက်အကူပြုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် SSNA တပ်မဟာ(၆)မှ ဒုတိယတပ်မဟာမှူး ဦးစိုင်းကူက ဒီနေ့ဒီအချိန်အခါဟာ လက်နက်စွဲကိုင်ပြီး လူထုကို အကြောက်တရားနဲ့ခြိမ်းခြောက်၊ အခွန်အခဆက်ကြေးကောက်ပြီး ဖိနှိပ်နေရမယ့်အချိန် မဟုတ်တော့ပါဘူး၊ နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ လူမျိုး၊ ဘာသာ၊ တောင်ပေါ် မြေပြန့်မခွဲဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေချိန်မှာ လက်နက်တွေစွန့်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမယ့် အချိန်အခါရောက်ရှိနေပြီ ဖြစ်ပါတယ် ဟူ၍ ပြောကြား သွားသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ပွဲသည် လားရှိုး၊ နမ္မတူ၊ သိန်းနီ၊ မူဆယ်နှင့်နမ့်ခမ်းစသည့် မြို့နယ်များနှင့် ဆက်စပ်ဒေသများ၌ နေထိုင်ကြသော ဒေသခံတိုင်းရင်းသားပြည်သူများအတွက်သာမက နိုင်ငံတစ်ဝန်းလုံးအတွက်ပါ ငြိမ်းချမ်းသာယာမှုများ လွှမ်းခြုံသက်ရောက်လျက်ရှိပေသည်။

တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးကိုရှေးရှုပြီး ရဲရင့်မှန်ကန်သည့် ဆုံးဖြတ်ချက်ဖြင့် ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားများကို ယခုနှစ် ဧပြီလ ၁၂ ရက်နေ့က သိန်းနီမြို့နယ် စယ်အူကျေးရွာ၊ ဧပြီလ ၂၉ ရက် နေ့က နမ့်ဆန်မြို့နယ်၊ မန်တုံမြို့နယ်နှင့် မေလ ၂၀ ရက်နေ့က လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာတို့၌လည်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခုကဲ့သို့ ထာဝရငြိမ်းချမ်းရေးမှတ်တိုင်များ စိုက်ထူနိုင်စေရန် ဦးစီးခေါင်းဆောင်ခဲ့ကြသည့် ဦးကန်န၊ ဦးအိုက်မုန်း၊ ဦးဂုဏ်ခေးနှင့် ဦးစိုင်းကူ၊ ဦးစိုင်းရီတို့အပါအဝင် တိုင်းရင်းသား ညီအစ်ကိုများ၏ ကြိုးပမ်းဆောင်ရွက်ချက်ကို မိသားစုများနှင့် ဒေသခံမိဘပြည်သူများက ကြည်နူးဝမ်းမြောက်စွာ ဂုဏ်ယူလျက်ရှိကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများသည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းအတူနေ၊ တစ်ရေတည်းအတူသောက်ကာ အေးအတူပူအမျှ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နေထိုင်လာခဲ့ကြသူများဖြစ်သည်။

ထို့ကြောင့် တိုင်းရင်းသား ညီအစ်ကိုများအနေဖြင့် မိမိတို့တိုင်းရင်းသားများအကျိုး၊ နိုင်ငံတော်၏အကျိုးကို လိုလားသယောင်ဖြင့် ပြည်ထောင်စုပြိုကွဲစေရန် နည်းလမ်းမျိုးစုံသုံး၍ လုပ်ကြံဖန်တီးလာသော မည်သည့်နိုင်ငံခြားသား ကိုလိုနီလက်သစ်နှင့် ပြည်ပညြဏခံ ပြည်ပြေးလက်ဝေခံများ၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ နားမယောင်ဘဲ သတိပြုဆင်ခြင်ကြရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသူများက ရဲဝံ့ပြတ်သားခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏အကျိုးကိုရှေးရှုပြီး လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ကာ ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်ခြင်းသည် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်မည့် ကြိုးပမ်းချက်ဖြစ်ကြောင်း ကြေးမုံက ယုံကြည်ပါသည်။ ။

# အာဖဂန်နစ္စတန်မြို့တော် ကဘူးတွင် ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရ

ကဘူး ဇူလိုင် ၂၅

**အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် တနင်္လာနေ့ နံနက်ပိုင်းက ဗုံးတစ်လုံးပေါက်ကွဲရာ ရဲတပ်ဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။**

**ဖြတ်သန်း**

မြို့တော်ကဘူး၏ စည်ကားလှသော လူနေရပ်ကွက်တစ်ခုဖြစ်သည့် အမှတ် (၉)နယ်မြေရှိ စစ်ဆေးရေးဂိတ်တွင် ကုလသမဂ္ဂ မော်တော်ယာဉ်တစ်စီး ဖြတ်သန်းသွားစဉ် နံနက် ၇ နာရီခွဲ၌ ဗုံးပေါက်ကွဲခဲ့ကြောင်း လျှပ်တစ်ပြက် တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့ တပ်မှူး မတ်ဘော့အမီရီက ပြောကြားသည်။

စစ်ဆေးရေးဂိတ်ရှိ ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အနီးမှဖြတ်သန်းသွားသည့် အရပ်သားတစ်ဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**အများဆုံးအသုံးပြု**

စစ်ဆေးရေးဂိတ်မှာ လေဆိပ်တစ်ခုသို့ သွားရာလမ်းတွင် တည်ရှိပြီး ယင်းလေဆိပ်ကို နေတိုးဦးဆောင်သည့် နိုင်ငံတကာ လုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့နှင့် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များက အများဆုံးအသုံးပြုကြသည်။

ဗုံးပေါက်ကွဲမှုမှာ တာလီဘန်တို့၏ လက်ချက် ဟုတ်၊ မဟုတ် အတိအကျ မပြောနိုင်သေးပေ။ စစ်ဆေးရေးဂိတ်အဖြစ် အသုံးပြုထားသော ကုန်သေတ္တာတစ်လုံး၏ အောက်တွင် ဗုံးထောင်ထားခဲ့ခြင်းဖြစ်ကြောင်း အမီရီက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဆွစ်ဇာလန်တွင် မုန်တိုင်းတိုက်ခတ် မိုးသီးကြွေကျ

**ဂျီနီဗာ ဇူလိုင် ၂၅**

ဆွစ်ဇာလန်နိုင်ငံ အနောက်ပိုင်းဒေသရှိ ဂျီနီဗာကန်တော်ကြီးဒေသတွင် အင်အားပြင်းထန်သော မုန်တိုင်းများ တနင်္လာနေ့က တိုက်ခတ်ခဲ့မှုကြောင့် ဆွစ်အာမခံလုပ်ငန်း ကုမ္ပဏီများက ဆွစ်ဖရန့်ငွေ သန်း၁၀၀ အထိ (အမေရိကန်ဒေါ်လာ ၇၇ သန်းခန့်) လျော်ကြေးပေးရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မုန်တိုင်း တိုက်ခတ်ခြင်းနှင့်အတူ ဂေါက်သီးဘောလုံးအရွယ်ရှိ မိုးသီးကြွေကျသည့်ဖြစ်ရပ်များ ဖြစ်ပွားခဲ့ရာ မော်တော်ကား စီးရေ ၁၅၀၀၀ ခန့် ပျက်စီးခဲ့ရကြောင်း သိရှိရသည်။

**အမ်အင်အေ၊ဆင်ဟွာ။**

# ဘဂ္ဂဒက်ရှိ ဟိုတယ်အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် ဇူလိုင် ၂၅**

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် မြို့လယ်ရှိ ဟိုတယ်တစ်လုံး၏အပြင်ဘက်တွင် တနင်္လာနေ့ နံနက်အစောပိုင်းက ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဗုံးပေါက်ကွဲ**

တနင်္လာနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၁၅ မိနစ်ဝန်းကျင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း၊ ပေါက်ကွဲစေနိုင်သောပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကားတစ်စီးဖြင့် အယ်လ်အက်စ်ဒါ နိုဗိုတီ ဟိုတယ်ကို အတင်းဝင်တိုက်ရန် ကြိုးပမ်းခဲ့ရာတွင် ဟိုတယ်အဆောက်အအုံအနီး၌ ဗုံးပေါက်ကွဲကြောင်း၊ ခြောက်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ အမည်မဖော်သူ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ။**




# မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၆-၇-၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင် တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ်** ပါဠိစာပေ (ဒုတိယနှစ်-အရှေ့တိုင်းပညာ)
- **၅:၂၅** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ" (အပိုင်း-၆)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ ကျန်းမာသုတ
  - ၂၀။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဆရာတော်ကြီး၏စေတနာ လူငယ်များအတွက်ဗုဒ္ဓဘာသာ**
  - ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ သူရဲကောင်း" (အပိုင်း-၃၂)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

# အီရတ်စစ်ပွဲ စတင်ချိန်မှ ယခုနှစ် ဇူလိုင် ၂၄ ရက်အထိ အမေရိကန် တပ်ဖွဲ့ဝင် ၁၇၇၇ ဦး သေဆုံး

ဝါရှင်တန် ဇူလိုင် ၂၄

**အီရတ်စစ်ပွဲစတင်ချိန် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၅ ခုနှစ် ဇူလိုင် ၂၄ ရက်ထိ ယင်းနိုင်ငံတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ပေါင်းမှာ ၁၇၇၇ ဦးထက် မနည်းရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းအရ သိရှိရသည်။ ယင်းအနက် ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရသော တပ်ဖွဲ့ဝင်ဦးရေမှာ ၁၃၆၅ ဦးထက်မနည်းရှိသည်။**

ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်နေစဉ် သေဆုံးရသူ အရပ်သား ငါးဦး၏ စာရင်းလည်း ပါဝင်သည်။

**ပိုမိုများပြား**

အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေနှင့် ပတ်သက်၍ အေပီသတင်းဌာန၏ ကောက်ယူချက်များသည် ကာကွယ်ရေးဌာနမှ ထုတ်ပြန်ချက်ထက် ခုနစ်ဦး ပိုမိုများပြားနေကြောင်း သိရှိရသည်။

အီရတ်တွင် အမေရိကန်၏အပေါင်းပါ အခြားတပ်ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ဗြိတိသျှတပ်ဖွဲ့ဝင် ၉၂ ဦး၊ အီတလီ ၂၅ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ ဦး၊ ဘူဂေးရီးယား ၁၃ ဦး၊ စပိန် ၁၁ ဦး၊ စလိုဗက်ကီးယား သုံးဦး၊ အက်စ်တိုးနီးယား၊ နယ်သာလန်နှင့် အခြားနိုင်ငံတို့မှ နှစ်ဦးစီနှင့် ဒိန်းမတ်၊ အယ်ဆာဗေဒို၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယားတို့မှ တစ်ဦးစီဖြစ်သည်။။

အီရတ်နိုင်ငံ၌ ၂၀၀၃ ခုနှစ် မေလ ၁ရက်မှ စတင်၍ စစ်ပွဲပြီးဆုံးကြောင်း သမ္မတဘုရှ်က ထုတ်ပြန်ကြေညာပြီးနောက်ပိုင်းတွင် အေပီသတင်းဌာနမှ ကောက်ယူချက်များအရ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူ စုစုပေါင်း ၁၆၃၈ ဦးရှိသည်။

**ခုခံတိုက်ခိုက်**

စစ်ဘက်ဆိုင်ရာများထံမှ လာသော ကောက်ယူချက်များတွင် ခုခံတိုက်ခိုက်မှုများကြောင့် အနည်းဆုံး ၁၂၅၆ ဦး သေဆုံးခဲ့သည်ဟု သိရှိရသည်။

**အင်တာနက်။**

☆ **ရှေ့ဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr. Surakiart Sathirathai နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai နှင့် အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

● **ကာကွယ်ရေးမှ**

ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဦးကျော်သူနှင့်ဦးမောင်မြင့်၊ တပ်မတော် အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဇူလိုင် ၂၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**

အဆိုပါ ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

(သတင်းစဉ်)

## ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ချစ်ကြည်ရေးခရီးရောက်ရှိ

**ရန်ကုန် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ယနေ့ နံနက် ၁၀နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## ထိုင်းကိုယ်စားလှယ်အဖွဲ့ မန္တလေးမြို့သို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၅**

ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ ရောက်ရှိနေသော ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယ ဝန်ကြီးချုပ် ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့၌ ချစ်ကြည်ရေးခရီး ဆက်လက် လည်ပတ်ရန် ညနေ ၃နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာသွားသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒေါက်တာ ဆူရာကီရတ်ဆတ်သီရာထိုင်းနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Dr. Suphot Dhirakaosal နှင့် သံရုံးဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

## ဂုဏ်ပြုနေ့လယ်စာ တည်ခင်း

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသနေပြည်သူများ ဝမ်းစာဖူလုံရုံမက ပိုလျှံသည့်အဆင့်ရောက်ရှိ လူ့ဘဝလိုအပ်ချက်များဖြစ်သည့် ဝတ်ရေး၊ နေရေး၊ တိုးတက်ကြီးပွားရေးဆက်လက်ကြိုးပမ်း လက်ဖက်၊ ကော်ဖီ၊ လိမ္မော်၊ သရက်၊ ရော်ဘာ စသည့်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်

ရန်ကုန် ဇူလိုင် ၂၅

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇူလိုင် ၂၃ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီ မိနစ် ၄၀တွင် လားရှိုးလေဆိပ်သို့ရောက်ရှိကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသားခေါင်းဆောင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့အထွက်ရှိ ကုန်းမြင့်ယာမြေ အမှတ်(၁) ဘိန်းအစားထိုးသီးနှံ့ ဧက ၁၀၀၀ စီမံကိန်းမျိုးစေ့ထုတ် စိုက်ပျိုးရေးဇုန်ရှိ အရိပ်မဲ့ကော်ဖီစိုက်ခင်း၌ ကော်ဖီပျိုးပင်များ ပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## တက်ရောက်အားပေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ လားရှိုးမြို့အားကစားကွင်း၌ ကျင်းပသော ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော SSNA တပ်မဟာ(၆)နှင့် SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့သည် မွန်းလွဲ ၁နာရီ ၁၅မိနစ်တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင် လိုက်ပါလျက် လားရှိုးမြို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဧက၁၀၀ ဆင်းရွှေလီပြောင်း၊ ဆင်းရွှေလီ နေကြာနှင့် ဆင်းရွှေလီ ပဲပုပ်စိုက်ခင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)သည် စိုက်ခင်းရှိမျှော်စင်ပေါ်မှ ဆင်းရွှေလီပြောင်းနှင့် ဆင်းရွှေလီ နေကြာစိုက်ခင်းများတွင် တွဲဖက်ဆောင်ရွက်ထားသည့် ခေတ်မီ ပျားမွေးမြူရေးအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စိုက်ခင်းရှင်းလင်းဆောင်၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က စိုက်ခင်း၌ ဆင်းရွှေလီပြောင်း ဧက၆၀ကို တစ်ဧကလျှင် တင်း ၂၀၀ ထွက်ရှိနိုင်မည့် အထွက်တိုးမျိုး ထည့်သွင်းလျက် စနစ်တကျစိုက်ပျိုးထားရှိမှုနှင့် ရှင်သန်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လွိုင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## လှည့်လည်ကြည့်ရှု

ဆက်လက်၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆင်းရွှေလီ အစေ့ထုတ်ပြောင်း စိုက်ခင်း၊ ဆင်းရွှေလီနေကြာနှင့် ပဲပုပ်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက် အထွက်တိုး မျိုးစေ့ထုတ်ဇုန်သို့ ရောက်ရှိကြသည်။

ထို့နောက် စိုက်ခင်းရှိ ရှင်းလင်းဆောင်၌ ဟူးမွန်ဆည်ရေသောက်ဧရိယာရှိ ဆင်းရွှေလီစပ်မျိုးစပါး (F1) မျိုးစေ့ထုတ်လုပ်ငန်းနှင့် ဆင်းရွှေလီအထူးအထွက်ကောင်း (R)မျိုးသန့်ဇုန် ၇၆၁ဧက စိုက်ပျိုးမှုအခြေအနေ ရှင်းလင်းတင်ပြပွဲကို ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားတောင်သူများ တက်ရောက်ကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ဧက ၁၀၀ ဆင်းရွှေလီပဲပုပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ပြည်နယ်အတွင်း ဆင်းရွှေလီစပ်မျိုးစပါးနှင့် ဆင်းရွှေလီ(R)မျိုးစပါး မျိုးစေ့ထုတ် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)သည် စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများအားလုံး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသဝမ်းစာဖူလုံရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ၂၀၀၂–၂၀၀၃ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၈၃ ဒသမ ၂၂ရာခိုင်နှုန်း၊ ၂၀၀၃–၂၀၀၄ခုနှစ်တွင် ၉၇ ဒသမ ၂၉ရာခိုင်နှုန်း၊ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ၁၀၃ရာခိုင်နှုန်း ဖူလုံအောင် စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယင်းသို့ ဖူလုံအောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အတိုင်း–

- **မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးရေး၊**
- **စိုက်နည်းစနစ်များအတိုင်းစနစ်ကျစွာစိုက်ပျိုးရေး၊**
- **သွင်းအားစုများအပြည့်အဝထည့်သွင်းရေး၊**
- **ရေတော်၊ မိုးတော် အချိန်အခါအကိုက်စိုက်ပျိုးရေး**

စသည့် နည်းလမ်းများအတိုင်း တိကျလိုက်နာဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

## စံပြကွက်များ

ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ၁၀၈၀၈၈ဧက မျိုးကောင်းများ ပြောင်းလဲစိုက်ပျိုးနိုင်ခြင်းကြောင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်း လယ်ယာများသည် နိုင်ငံတော်မှ သတ်မှတ်ပေးထားသော ပန်းတိုင်အထွက်နှုန်းများကို ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ စပါးအနေဖြင့် ခရိုင်၊ မြို့နယ်အလိုက် စံပြကွက်များဆောင်ရွက်ရာတွင် တစ်ဧကတင်း ၂၀၀ ထွက်ရှိရေးရည်မှန်းချက်ထားဆောင်ရွက်ခဲ့ရာ ၂၀၀၃–၂၀၀၄ ခုနှစ်ကတည်းက မူဆယ်ခရိုင်တွင် ပျမ်းမျှ ၂၂၂ ဒသမ ၁၇၁ တင်း ထွက်ရှိခဲ့ပါကြောင်း၊ ၎င်းစံပြစိုက်ကွက်များကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များကိုယ်တိုင် ယခင်နှစ်နှင့် ယခုနှစ်ပါ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်အတွင်း မိုးစပါးဧက ၁၄သန်းကျော်၊ နွေစပါးဧက သုံးသန်းခန့်စိုက်ပျိုး တစ်နှစ် စပါးတင်းသန်း ၁၂၀၀ ထွက်ရှိရေးရည်မှန်းချက်ပြည့်လုနီးပါး ရောက်ရှိ

❐ **စာမျက်နှာ ၄မှ**

ကွင်းဆင်းတိုင်းတာသတ်မှတ်အတည်ပြုရာ ယခုနှစ်တွင် နမ့်ခမ်း၊ မူဆယ် စံပြစိုက်ခင်းများတွင် အစိုထွက်ရှိ တင်း ၂၆၅တင်း၊ အခြောက်ထွက်ရှိတင်း ၂၄၀ ထွက်ရှိခဲ့ပါကြောင်း။

အလားတူ အစေ့ထုတ်ပြောင်းကိုလည်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မန်မွန်မျိုးသန့်ဇုန်မှ တစ်ဧကတင်း ၁၀၀ ထွက်ရှိသောမျိုးများကို မျိုးသန့်ဇုန်မှ ထုတ်လုပ်၍ ပြည်နယ်တွင်း စိုက်ဧက ၁၅၈၀၀၀အနက် ယနေ့ထိ ဧက ၉၇၀၀၀ ကို ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကြံတစ်ဧက အထွက်နှုန်း တန် ၅၀ ရရှိမည့် ကြံစိုက်ဧက ၃၆၂၀၀ ရှိပြီး ကြံမျိုးများကို စိုက်ဧကနယ်မြေအတွင်း ဖြန့်ဖြူးလျက်ရှိကြောင်း၊ အထူးသဖြင့် ပဲပုပ်စိုက်ဧက ၈၆၀၀၀ စိုက်ပြီး အထူးအထွက်ကောင်း တစ်ဧကတင်း ၅၀ထွက်ရှိမည့်မျိုးများထုတ်လုပ်၍ ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေကြာအထွက်ကောင်းမျိုးကိုလည်း တစ်ဧကတင်း ၅၀ ထွက်ရှိမည့်မျိုးများအား ပြောင်းလဲစိုက်ပျိုးလျက်ရှိပြီး ပြည်နယ်အတွင်း စိုက်ဧက ၃၀၇၉ဧက ရှိပါကြောင်း။

**သုံးဆတိုးတက်ရေး**

အချုပ်အားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အနေဖြင့် ပြည်နယ်အတွင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တောင်သူလယ်သမားများ စုစည်းညီညွတ်မှုဖြင့် နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်အထွက်နှုန်းရရှိရေး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဝမ်းစာဖူလုံရေးကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ပြီး အထူးအထွက်ကောင်း စပါးများထုတ်လုပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများဘဝ ယခုထက် သုံးဆတိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်နယ်အနေဖြင့် စီးပွားရေးစီမံကိန်း၏ ရည်မှန်းချက်ဖြစ်သော ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းလျာထားချက်အပေါ် ၁၀၆ ဒသမ ၄ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းလျာထားချက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အဖွဲ့ဝင်(၂) တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဟူးမွန်ဆည်ရေသောက်ဧရိယာတွင် စိုက်ပျိုးထားသော ဆင်းရွှေလီစပ်မျိုးစပါး (F1)မျိုးစေ့ထုတ်လုပ်ငန်းဧက ၆၀နှင့် တစ်ဧကလျှင် ပျမ်းမျှတင်း ၂၀၀အထက် ထွက်ရှိနိုင်မည့်ဆင်းရွှေလီ အထွက်ကောင်း(R)မျိုးသန့် ၇၆၁ဧကကို ဟူးမွန်ဆည်ရေသောက် ဧရိယာတွင် စံပြမျိုးသန့်ဇုန်အဖြစ် သတ်မှတ်ဆောင်ရွက်နေမှု၊ မျိုးစေ့ထုတ်ဧက ၆၀တွင် ဌာနဆိုင်ရာများက ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများအား အနီးကပ်ကြပ်မတ် ကူညီပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ဆင်းရွှေလီအထူးအထွက်ကောင်း(R)မျိုးကို တစ်ဧက ပျမ်းမျှတင်း ၂၀၀ကျော်ထွက်ရှိရေးအတွက် မျိုးသန့်ထုတ်လုပ်နေမှု အခြေအနေနှင့် ဟူးမွန်ဆည်ရေသောက် နယ်မြေ၏ အောင်မြင်မှုများကို စံနမူနာထားပြီး ကျန်ခရိုင်၊ မြို့နယ်နှင့် ကျေးရွာများရှိ တောင်သူလယ်သမားများက နွေစပါး၊ မိုးစပါးကို အင်တိုက်အားတိုက် စိုက်ပျိုးနေပြီး ၎င်းတို့၏ လူနေမှုဘဝတိုးတက်မြင့်မားရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးလှကြီးက စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှုလုပ်ငန်း၊ ပြည်နယ် ဝမ်းစာဖူလုံမှုနှင့် မျိုးစေ့ထုတ်လုပ်ငန်းကို ပြည်နယ်အတွင်းရှိ ခရိုင်အလိုက် ဆောင်ရွက်နေမှုအခြေအနေနှင့် ဆန်မွှေးမျိုးစမ်းသပ်စိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် လူ့ဘဝအတွက် အရေးကြီးဆုံးလိုအပ်ချက် ဖြစ်သည့် စားရေး၊ ဝတ်ရေးနှင့် နေရေးဟူသော အရေးသုံးပါးတွင် စားရေးသည် လူ့ဘဝအသက်ရှင်ရပ်တည်နိုင်ရေးအတွက် အဓိကလိုအပ်ချက် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများစားရေးအတွက် ဖူလုံအောင် စိုက်ပျိုးရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် တိုးမြှင့်ဆောင်ရွက်ပေးခဲ့ရာ ယခုအခြေအနေတွင် စားနပ်ရိက္ခာဖူလုံရုံမျှမက ပိုလျှံသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း မိုးစပါးဧက ၁၄သန်းကျော်၊ နွေစပါးဧကသုံးသန်းခန့် စိုက်ပျိုးလျက်ရှိရာ တစ်နှစ်စပါးအထွက် တင်းသန်း ၁၂၀၀ထွက်ရှိရေး နိုင်ငံတော်၏ ရည်မှန်းချက်ကို ပြည့်လုနီးပါးအခြေအနေသို့ ရရှိနေပြီဖြစ်ကြောင်း။

**ဒေသဝမ်းစာဖူလုံမှု**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်လည်း တိုင်းမှူး၏ အနီးကပ် ဦးဆောင်ဦးရွက်ပြုမှုဖြင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၂၀၀၁-၂၀၀၂ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၆၇ရာခိုင်နှုန်းသာရှိရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၀၃ရာခိုင်နှုန်းခန့်အထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ တည်နေရာအနေအထားအရ တောင်ကုန်းတောင်တန်းများ ပေါများသဖြင့် စိုက်ပျိုးမြေတိုးချဲ့ရာတွင် အကန့်အသတ်များရှိနေသော်လည်း စိုက်ပျိုးမြေတိုးချဲ့နိုင်သမျှတိုးချဲ့ပြီး အထူးအထွက်ကောင်းမျိုးစပါးများကို နည်းစနစ်မှန်မှန် စိုက်ပျိုးမှုကြောင့် ယနေ့ဆိုလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသနေပြည်သူများအတွက် ဝမ်းစာရိက္ခာဖူလုံရုံမျှမက ပိုလျှံသည့်အဆင့်သို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း၊ သို့သော်လည်း စားသုံးမှုဖူလုံ လုံလောက်ရုံမျှဖြင့် ကျေနပ်တင်းတိမ်မနေကြဘဲ လူ့ဘဝလိုအပ်ချက်များဖြစ်သည့် ဝတ်ရေး၊ နေရေးနှင့် တိုးတက်ကြီးပွားရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရမှာ ဖြစ်ကြောင်း။

ပြည်ပတွင် ဈေးကွက်ရှိပြီး ဈေးကောင်းရသည့်အပြင် ဤဒေသတွင်လည်း စိုက်ပျိုးဖြစ်ထွန်းသည့် လက်ဖက်၊ ကော်ဖီ၊ လိမ္မော်၊ သရက်၊ ရော်ဘာ စသည့် သီးနှံများကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ပြီး မိမိတို့မိသားစုဘဝ ကြီးပွားတိုးတက်ရေးအတွက် လက်ရှိလုပ်ကိုင်လျက်ရှိသည့် အခြေအနေထက် နှစ်ဆ၊ သုံးဆတိုးပြီး ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဟူးမွန်ဆည်ရေသောက်မျိုးစေ့ထုတ်လုပ်ငန်းဇုန်အတွင်း ဆင်းရွှေလီစပ်မျိုးစပါး (F1)မျိုးစေ့ထုတ်စိုက်ခင်းနှင့် ဆင်းရွှေလီ အထူးအထွက်ကောင်း (R)မျိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် စိုက်ခင်းအတွင်း၌ တောင်သူလယ်သမားများက မြေသြဇာကြဲပက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် လားရှိုးမြို့အဝင် မန္တလေး-လားရှိုးကားလမ်းပေါ်ရှိ ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် စေတီတော်ရှိ သာသနာ့ဗိမာန်တော်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ပတ္တမြားမျက်ရှင်ဗုဒ္ဓရုပ်ပွားတော်အား ပန်းဆက်ကပ်လှူဒါန်း၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရဲမှူးကြီးဝင်းနိုင်က စေတီတော်ကြီးကို ဉာဏ်တော်အမြင့် ၁၃၅ပေအထိ တည်ဆောက်မည်ဖြစ်ရာ ယခုအခါ ၇၇ပေခန့် တည်ဆောက်ပြီးစီးနေမှု၊ အလှူတော်ငွေရရှိမှုနှင့် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အောင်ချမ်းသာဆည်မှ သွယ်ယူရရှိသည့်ရေဖြင့် ရွှေငါးကြင်းများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



❀ စာမျက်နှာ ၅ မှ

သုံးစွဲမှုအခြေအနေတို့ကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်ပါမောက္ခချုပ်(တာဝန်) ဒေါက်တာလှသန်းက စေတီတော်ကြီး၏ မြန်မာမှု ဗိသုကာအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ပူဇော်**

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စေတီတော်ကြီးကို တည်ဆောက်ရာတွင် လိုဏ်စနစ်တည်ဆောက်မည်ဖြစ်သဖြင့် ဆောက်လုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းကောင်းမွန်ရေး၊ မြန်မာမှု အနုလက်ရာများဖြင့် သပ်ရပ်လှပစွာ တည်ဆောက်ရေးတို့ကို မှာကြားပြီး တည်ဆောက်ဆဲ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ရင်ပြင်၌ စိုက်ပျိုးထားရှိသော ဗောဓိညောင်ပင်အား ရေသွန်းလောင်း၍ အမွှေးနံ့သာဖြင့် ပက်ဖျန်းပူဇော်သည်။

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ဖွင့်လှစ်ပေး**

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်နှင့် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့က ဖဲကြိုးဖြတ်၍ ရုံးအဆောက်အအုံသစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ရုံးသစ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးစဉ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား စိုက်ခင်း တာဝန်ခံ ဒုတိယဗိုလ်မှူးကြီးလှဝင်းက အရိပ်မဲ့ကော်ဖီပင်များ စိုက်ပျိုးထားရှိမှုနှင့် ကော်ဖီစိုက်ပျိုးမှု၏ အကျိုးရလဒ်ရရှိနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ငါးမျိုးစိုက်ထည့်**

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက် ပဒေသာစိုက်ခင်းနှင့် အောင်ချမ်းသာဆည်မှ သွယ်ယူရရှိသည့်ရေဖြင့် တီလားပီးယားနှင့် ရွှေဝါငါးကြင်းများ မွေးမြူရေးကန်များသို့ ရောက်ရှိကြပြီး ကန်အမှတ်(၃) ဒသမ ၄၆ ဧက၌ တီလားပီးယားကောင်ရေ ၄၄၀၀ နှင့် ရွှေဝါငါးကြင်းကောင်ရေ ၁၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် ဝန်ကြီးများက ကန်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ငါးသောင်းကို မျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မက္ကဒေးမီးယားလေးနှစ်သားအပင်များ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် ငါးကန် အမှတ်(၁) ဒသမ ၂၃ ဧက၌ ရွှေဝါငါးကြင်းများ ကြီးထွားနေမှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှင်းလင်းပြသသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့နယ်ရှိ ကောင်းခါးရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး မွန်းလွဲပိုင်းတွင် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

**မှာကြား**

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတို့သည် ဇူလိုင် ၂၃ရက် ညပိုင်းတွင် လားရှိုးမြို့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ ပြည်နယ်အလုပ်အမှုဆောင်များ၊ လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံ၍ အသင်းဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ရေး၊ အသင်းဝင်တစ်ဦးချင်းစီ၏ အရည်အသွေး ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင်းဝင်များ ပါဝင်ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့အတူအဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➩**

**ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ကို တွေ့ရစဉ်။** (သတင်းစဉ်)

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီခွဲတွင် လားရှိုးမြို့ ရပ်ကွက်(၁) ဘူတာလမ်းပေါ်ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန့်စင်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြမြနှင့် အသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စု

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ရုံးသစ်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးသစ်သည် လားရှိုးမြို့ ရပ်ကွက်(၁) ဘူတာလမ်းပေါ်၌ တည်ရှိပြီး အလျားပေ ၈၀နှင့် အနံ ၄၈ပေရှိ RCC ကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်သည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၂၄ရက် နံနက်ပိုင်းတွင် အဖွဲ့ဝင်များ လိုက်ပါလျက် လားရှိုးမြို့အထွက်ရှိ ကုန်းမြင့်ယာမြေ အမှတ်(၁) ဘိန်းအစားထိုးသီးနှံ ဧက ၁၀၀၀ စီမံကိန်းမျိုးစေ့ထုတ် စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြပြီး အရိပ်မဲ့ကော်ဖီဧက ၁၁၀စိုက်ခင်း၌ ကတ်တီမိုးကော်ဖီပင် စိုက်ပျိုးထားရှိမှု၊ ကော်ဖီပျိုးပင် ၁၀၀၀၀ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## အမှာစကား ပြောကြား

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လားရှိုးမြို့ရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးတွင် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSA ခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနား သတင်းဓာတ်ပုံများ

ဇူလိုင် ၂၃ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ပလောင်တိုင်းရင်းသားခေါင်းဆောင် ဦးအိုက်မုန်း၊ ရှမ်းတိုင်းရင်းသားခေါင်းဆောင် ဦးကန်နတို့အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ထောက်ပံ့ပေးအပ်သော လယ်ထွန်စက်များနှင့် မီးသတ်ကားများကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဇူလိုင် ၂၃ရက်က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် SSNA တပ်မဟာ(၆)မှ ဦးစိုင်းကူ ခေါင်းဆောင်သော တပ်ဖွဲ့ဝင်များနှင့် SSA ခွဲထွက်အဖွဲ့မှ ဦးစိုင်းရီခေါင်းဆောင်သော တပ်ဖွဲ့ဝင်များအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဇူလိုင် ၂၃ရက်က ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSAခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသော SSNA တပ်မဟာ(၁၁)မှ စွန့်လွှတ်အပ်နှံခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)



ဇူလိုင် ၂၃ရက်က ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSAခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသော PSLA ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့မှ စွန့်လွှတ်အပ်နှံခဲ့သည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ဇူလိုင် ၂၃ရက်က ဦးစိုင်းကူ ခေါင်းဆောင်သော SSNA တပ်မဟာ(၆)နှင့် ဦးစိုင်းရီ ခေါင်းဆောင်သော SSAခွဲထွက်အဖွဲ့တို့၏ ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ခင်းကျင်းပြသထားသော SSNAတပ်မဟာ(၁၉)မှ စွန့်လွှတ်အပ်နှံခဲ့သည့် လက်နက်၊ ခဲယမ်း နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

# ကောင်းခါးဒေသ၏ ယနေ့မြင်ကွင်း အနိဋ္ဌာရုံကင်းစင် တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်များတွေ့မြင်ရမှာဖြစ်

## ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်လှစ်နိုင်ပြီဖြစ်၍ ပြည်သူများ၏ပညာရေး ကျန်းမာရေး လူမှုရေးသာမက အိမ်တွင်းစက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြတော့မည်

ရန်ကုန် ဇူလိုင် ၂၅

**ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီခွဲတွင် ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့ ကောင်းခါးခန်းမဥ္စကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ကောင်းခါးရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)အထူးဒေသ(၅)ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်နှင့် တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၅၀၀ကျော် တက်ရောက်ကြသည်။

### ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကောင်းခါးရေအား လျှပ်စစ်စက်ရုံဖွင့်ပွဲသို့ ရောက်ရှိလာရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကောင်းခါးခန်းမဥ္စကျင်းပရာ ရှေးဦးစွာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ကောင်းခါးရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဦးဇော်မော်က ကောင်းခါးရေအား လျှပ်စစ်စီမံကိန်း ဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကေဒီအေအဖွဲ့ ဥက္ကဋ္ဌ ဦးမထုနော်က ကောင်းခါး ရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသော နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ထာဝရလက်တွဲ၍ နိုင်ငံအကျိုး၊ ဒေသအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကား ပြောကြားရာတွင်ယနေ့ မိမိနှင့်အတူ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများပါဝင်သည့်အဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် SSNAတပ်မဟာ(၆) ဒုတိယတပ်မဟာမှူး ဦးစိုင်းကူ ဦးစီးသည့်အဖွဲ့နှင့် ဦးစိုင်းရီဦးဆောင်သည့် SSA ခွဲထွက်အဖွဲ့တို့ ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားနှင့် ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ်ပွဲအခမ်းအနားများသို့ တက်ရောက်ရန်လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးပြီးလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပံ့ပိုးပေးရန်ဖြစ်ကြောင်း။

### အနိဋ္ဌာရုံခံစားခဲ့ရ

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလက ဤဒေသမှာ လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် လုံခြုံမှုကင်းမဲ့ခဲ့ပြီး တိုင်းရင်းသားပြည်သူများမှာလည်း မိမိတို့ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို အေးချမ်းစွာ ရှာဖွေစားသောက်ခြင်း မပြုနိုင်သည့်အပြင် အသက်အိုးအိမ်စည်းစိမ်များပျက်စီးခဲ့ကြရကြောင်း၊ ရွာများပျက်၊ စာသင်ကျောင်းများ၊ဆေးရုံများ၊ လမ်းတံတားများပျက်စီးပြီး တည်ငြိမ်အေးချမ်းမှုပျက်ယွင်းခဲ့ရသဖြင့် အနိဋ္ဌာရုံများစွာခံစားခဲ့ကြရသည်ကို ဤဒေသနေပြည်သူများမှတ်မိနေကြဦးမည်ဖြစ်ပါကြောင်း။

ကောင်းခါးဒေသ၏ ယနေ့မြင်ကွင်းမှာ တိုင်းရင်းသားပြည်သူများ ယခင်က တွေ့ကြုံခံစားခဲ့ရသည့် အနိဋ္ဌာရုံများ ကင်းစင်လွတ်မြောက်ခဲ့ပြီး၊ ရာသီပင်နှင့် နှစ်ရှည်ပင်စိုက်ခင်းကြီးမျ[...] ကျောင်း၊ ဆေးရုံ၊ စာတိုက်ကြေးနန်းရုံးမ[...] တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်မျ[...]

### အိမ်တွင်း[...]

ယနေ့ ကောင်းခါးရေအားလျှပ်[...] ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ဒေသနေပြ[...] လူမှုရေးလုပ်ငန်းများအတွက် အသုံး[...] လုပ်ငန်းများအတွက်ပါ တိုးချဲ့လုပ်ကိုင်[...]

ဤသည်မှာ လက်နက်ကိုင်ဆူပူမှုမ[...] သည့် ငြိမ်းချမ်းရေး၏ အသီးအပွင့်မျ[...]

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို [...] တိုင်အောင် နယ်ချဲ့လက်အောက်တွင် သူ[...] ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေးရပြ[...] မှာပင် ကိုလိုနီနယ်ချဲ့သမားများ၏ ကြိုတ[...] မိမိတို့ တိုင်းရင်းသားညီအစ်ကိုအချင်းချ[...] ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ပြီးတည်ငြိမ်အေး[...] များအနေဖြင့်လည်း လုံခြုံမှုကင်းမဲ့ပြီး [...] ပြန်ကြောင်း။

တပ်မတော်က ၁၉၈၈ခုနှစ် နိုင်[...] တပ်မတော်၏မူလတာဝန်ဖြစ်သည့် ကာ[...]

> တိုင်းပြည် တ[...]
> ရှိလာသည်နှင့်အမှ[...]
> လွှမ်းခြုံပြီး ဘက်စုံ[...]
> တတ ဖွံ့ဖြိုးတိုးတက်[...]
> ဆောင်ရွက်ပေးနိုင်[...]
> ယနေ့ဆိုလျှင် [...]
> ပညာရေး၊ ကျန်းမ[...]
> ဆက်သွယ်ရေးနှ[...]
> တိုးတက်မှုကို အ[...]
> နိုင်မည့် အခြေခံ [...]
> များစွာကို တည်[...]

တိုးတက်ရေးနှင့် နိုင်ငံတော်အာဏာကို [...] သာသာ ပြန်လည်လွှဲပြောင်းပေးအပ်[...] ထမ်းဆောင်ခဲ့ပါကြောင်း။

### အမျိုးသား[...]

တပ်မတော်က တိုင်းပြည်၏ တာဝန်[...] မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွ[...] တည်တံ့ခိုင်မြဲရေးတည်း ဟူသော ဒို့တာဝ[...] အဖြစ် ချမှတ်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အာဏာကို [...] သာသာ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအ[...] တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးတို့က ကောင်းခါးရေအားလျှပ်စစ်စက်ရုံကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။**
(သတင်းစဉ်)

**ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်က ကောင်းခါးရေအားလျှပ်စစ်စီမံကိန်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးသော နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ထာဝရလက်တွဲ၍ နိုင်ငံ့အကျိုး၊ ဒေသအကျိုးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

**ရှင်းလင်း တင်ပြ**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဒေါက်တာစန်းဦးက ကောင်းခါးရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။**
(သတင်းစဉ်)

**ပြောကြား**

**ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ဦးဇော်မော်က ကောင်းခါးရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားစဉ်။**
(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ကောင်းခါး ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား စတင်ပေးဝေခြင်းအထိမ်းအမှတ်အဖြစ် လျှပ်စစ်ဓာတ်အားခလုတ်ကိုနှိပ်၍ ကောင်းခါးနှင့်လွယ်ခန်းဒေသတို့ကို လျှပ်စစ်ဓာတ်အားစတင်ပေးဝေစဉ်။**
(သတင်းစဉ်)

ရာသီပင်နှင့် နှစ်ရှည်ပင်စိုက်ခင်းကြီးများ၊ ကတ္တရာလမ်းမကြီးများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ စာတိုက်ကြေးနန်းရုံးများ၊ လျှပ်စစ်မီးတိုင်များ အစီအရီနှင့် တည်ငြိမ်အေးချမ်းမှု၏ အသီးအပွင့်များကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

## အိမ်တွင်းစက်မှု

ယနေ့ ကောင်းခါးရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်၍ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်ရုံမျှသာမက အိမ်တွင်းစက်မှုလုပ်ငန်းများအတွက်ပါ တိုးချဲ့လုပ်ကိုင်နိုင်ကြတော့မှာဖြစ်ကြောင်း။

ဤသည်မှာ လက်နက်ကိုင်ဆူပူမှုများ ချုပ်ငြိမ်းသွားခြင်းကြောင့် ရရှိလာသည့် ငြိမ်းချမ်းရေး၏ အသီးအပွင့်များပင် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက နှစ်ပေါင်း၁၀၀ကျော်တိုင်အောင် နယ်ချဲ့လက်အောက်တွင် သူ့ကျွန်ဘဝဖြင့် နေထိုင်ခဲ့ကြရကြောင်း၊ ၁၉၄၈ ခုနှစ် တိုင်းပြည်လွတ်လပ်ရေးရပြန်တော့လည်း ရခါစသုံးလခန့်အကြာမှာပင် ကိုလိုနီနယ်ချဲ့သမားများ၏ ကြိုတင်ကြံစည် သွေးခွဲမှုအစီအမံများကြောင့် မိမိတို့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း လူမျိုးစွဲ၊ ဝါဒစွဲဖြင့် လက်နက်ကိုင်ဆန့်ကျင်မှုများဖြစ်ပေါ်ခဲ့ပြီးတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းခဲ့ရကြောင်း၊ ပြည်သူများအနေဖြင့်လည်း လုံခြုံမှုကင်းမဲ့ပြီး ကျီးလန့်စာစားဘဝနှင့် ကြုံတွေ့ခဲ့ရပြန်ကြောင်း။

တပ်မတော်က ၁၉၈၈ခုနှစ် နိုင်ငံတာဝန်ရယူခဲ့ရသည့် အချိန်မှာပင် တပ်မတော်၏မူလတာဝန်ဖြစ်သည့် ကာကွယ်ရေးတာဝန်အပြင် နိုင်ငံတော်ဖွံ့ဖြိုး

> တိုင်းပြည် တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ဘက်စုံကဏ္ဍစုံမှာ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ချဆောင်ရွက်ပေးနိုင်ခဲ့သည့် အတွက် ယနေ့ဆိုလျှင် နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး တိုးတက်မှုကို အထောက်အကူပြုနိုင်မည့် အခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ပေးနိုင်ခဲ့။

တိုးတက်ရေးနှင့် နိုင်ငံတော်အာဏာကို ပြည်သူ့ထံသို့စနစ်တကျနှင့် ညင်ညင်သာသာ ပြန်လည်လွှဲပြောင်းပေးအပ်ရေးတာဝန်များကို တစ်ပြိုင်တည်း ထမ်းဆောင်ခဲ့ပါကြောင်း။

## အမျိုးသားရေးမူဝါဒ

တပ်မတော်က တိုင်းပြည်၏တာဝန်ကို ရယူလိုက်ရသည်နှင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်း ဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒ အဖြစ် ချမှတ်ခဲ့ကြောင်း။

ထို့ပြင် နိုင်ငံတော်၏အာဏာကို ပြည်သူထံသို့ စနစ်တကျ ညင်ညင်သာသာ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ပြီး ယင်းဦးတည်ချက်များအတိုင်း တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း။

ထိုစဉ်က ချမှတ်ခဲ့သည့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်ဖြစ်သော–

- **နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊**
- **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊**
- **ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊**
- **ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး**

ဆိုသည့် နိုင်ငံရေးဦးတည်ချက်များကို လေ့လာကြည့်ပါက ပြည်သူအများလိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ပြီး နိုင်ငံတော်အာဏာကို ပြည်သူထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးကို တပ်မတော်အစိုးရ တာဝန်ယူစဉ်ကပင် ဦးတည်ချက်ထားရှိပြီး အောင်မြင်အောင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမှာ ဖြစ်ပါကြောင်း။

## ဖွံ့ဖြိုးတိုးတက်

တပ်မတော်အစိုးရ စတင်တာဝန်ယူစဉ်ကပင် ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ယခု KDAအဖွဲ့အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြပြီး ၎င်းတို့နေထိုင်ရာဒေသများ၌ တပ်မတော်အစိုးရ၊ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ကြသဖြင့် ကောင်းခါးဒေသကဲ့သို့ပင် အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အလျင်အမြန် ဖြစ်ထွန်းလာနေသည်ကို တွေ့ရှိကြရမှာ ဖြစ်ကြောင်း။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ ကောင်းခါးရေအားလျှပ်စစ်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အမျှ တစ်နိုင်ငံလုံးလွှမ်းခြုံပြီး ဘက်စုံကဏ္ဍစုံမှာ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ချဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် နိုင်ငံတော်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးတိုးတက်မှုကိုအထောက်အကူပြုနိုင်မည့် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

## အရင်းအနှီးရရှိရေး

ထို့ပြင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူအားလုံး စားရေးအတွက် မပူမပင်ရအောင် ဒေသအလိုက်၊ နိုင်ငံအလိုက် ဝမ်းစာရိက္ခာဖူလုံရေးကိုဆောင်ရွက်ရင်းတစ်ဖက်ကလည်း စိုက်ပျိုးကုန်ထုတ်

လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး စက်မှုနိုင်ငံအဖြစ် တစ်ဆင့်တက်လှမ်းနိုင်မည့် အရင်းအနှီးရရှိရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်တိုင်းပြည် စီးပွားဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီနိုင်ငံအသွင်ကူးပြောင်းရေးကို မျက်ခြည်ပြတ်မခံဘဲနိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ မိမိတို့

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅) ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်အား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။**
(သတင်းစဉ်)

လူမျိုးခလေ့စရိုက် ယဉ်ကျေးမှုထုံးတမ်းစဉ်လာများနှင့် အံဝင်ခွင်ကျဖြစ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်အနက် အရေးကြီးဆုံးဖြစ်သည့် ပထမအဆင့် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပလျက်ရှိကြောင်း။

ဤအမျိုးသားညီလာခံတွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ အပါအဝင် တိုင်းရင်းသားကိုယ်စားလှယ်အများစု ညီလာခံသို့တက်ရောက်လျက်ရှိပြီး နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပေးလျက် ရှိကြကြောင်း။

## ပင်မလိုအပ်ချက်

ဤနေရာတွင် မိမိတို့နိုင်ငံ ဖြတ်သန်းလျှောက်လှမ်းလာခဲ့ရသည့်ခေတ် အဆက်ဆက် အတွေ့အကြုံများအရ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ➪**

➪ စာမျက်နှာ ၉ မှ

ဒီမိုကရေစီ စနစ်ကူးပြောင်းရေးနှင့် ရှင်သန်ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် ပင်မလိုအပ်ချက်များဖြစ်သည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း။

ယနေ့ မိမိတို့တိုင်းရင်းသားညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်မှု စိတ်ဓာတ်များ တိုးပွားလျက်ရှိပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုများမှာလည်း မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင် တိုးတက်ရရှိနေသည့် အချိန်အခါဖြစ်ကြောင်း။

ယင်းအခြေခံကောင်းများကို ပျက်ယွင်းမှုမရှိစေဘဲ နောင်လာမည့် သားစဉ်မြေးဆက်တိုင် ဆက်လက်ရှင်သန်တိုးပွားနေစေရအောင် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

**ဂါရဝပြုပေးအပ်**

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ကောင်းခါးရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲအထိမ်းအမှတ်အလံကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)ကေဒီအေ အဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်တို့အား ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်အား လက်ဆောင်ပစ္စည်းပေးအပ်သည်။ ထို့နောက် အတွင်းရေးမှူး(၁)သည် ကောင်းခါး အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးငွေအောင်၊ လွယ်ခန်းအခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမောင်မောင်နှင့် ကောင်းခါးတိုက်နယ် ဆေးရုံတာဝန်ခံ ဆရာဝန်ဒေါက်တာတင့်လွင်တို့အား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၅)ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်က ကချင်ရိုးရာဝတ်စုံနှင့် ငွေဓားတို့ကို ဂုဏ်ပြုဂါရဝလက်ဆောင်အဖြစ် ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကောင်းခါးရေအားလျှပ်စစ်စက်ရုံဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ် ဆက်လက်ကျင်းပမည့် ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ကြရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကေဒီအေအဖွဲ့ဥက္ကဋ္ဌ ဦးမထုနော်တို့က ဖဲကြိုးဖြတ်၍ ကောင်းခါးရေအားလျှပ်စစ်စက်ရုံကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စက်ခလုတ်နှိပ်၍ ကောင်းခါးရေအားလျှပ်စစ်စက်ရုံဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

**လျှပ်စစ်ဓာတ်အား စတင်ပေးဝေ**

ဆက်လက်၍ အတွင်းရေးမှူး(၁)သည် ကောင်းခါးရေအားလျှပ်စစ် စက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အား စတင်ပေးဝေခြင်း အထိမ်းအမှတ်အဖြစ် လျှပ်စစ်ဓာတ်အား ခလုတ်ကိုနှိပ်၍ ကောင်းခါးနှင့် လွယ်ခန်းဒေသတို့ကို လျှပ်စစ်ဓာတ်အားစတင်ပေးဝေသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အားစက်ရုံ အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ကောင်းခါးရေအားလျှပ်စစ် စက်ရုံအတွက် ရေအရင်းအမြစ်ဖြစ်သည့် ကောင်းခါးရေလှောင်ဆည်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စက်ရုံနှင့် ရေလှောင်ဆည်တို့ ရေရှည်တည်တံ့သုံးစွဲနိုင်အောင် လိုအပ်သော မွမ်းမံထိန်းသိမ်းမှုများကို ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်ရှိ ကောင်းခါးရေအားလျှပ်စစ် ရေလှောင်ဆည်ကိုကြည့်ရှုစစ်ဆေးစဉ်။**(သတင်းစဉ်)

**ပံ့ပိုးဖြည့်ဆည်းပေး**

ထို့အတူ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယခုဖွင့်လှစ်လိုက်သော ကောင်းခါးရေအားလျှပ်စစ် စီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် ကောင်းခါးမြို့သစ် လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန်ချောင်းပေါ်၌ တည်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) ကောင်းခါးဒေသ ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား ၂ ဒသမ ၇၅ ကီလိုဝပ် တိုးမြှင့်ထုတ်လုပ်နိုင်ရန် လမ်းညွှန်ချက်အရ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးက တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ကောင်းခါးရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များမှာ နမ့်ဟူးမွန်ချောင်း ရေကိုအလျား ၆၆ ပေ၊ အနံ ၁၃ ပေ၊ အမြင့်ရှစ်ပေရှိ ရေလှောင်ဆည်ဖြင့် ရေကိုတားဆီးကာ အလျားပေ ၂၀၊ အနံ ၁၀ ပေ၊ အမြင့် ၆ ဒသမ ၅ ပေရှိ ရေထိန်းကန်မှတစ်ဆင့် အလျား ၃၆၄ ပေ၊ အချင်း ၂ ဒသမ ၇၅ ပေရှိ ဖိအားမြှင့် ရေပိုက်လိုင်းဖြင့် ၇၅ ကီလိုဝပ်တာဘိုင်စက်နှစ်လုံး ၁၅၀ ကီလိုဝပ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းဖြစ်သည်။ အဆိုပါ စက်ရုံမှ လျှပ်စစ်ဓာတ်အား ၁၅၀ ကီလိုဝပ်ကို တစ်နှစ်ပတ်လုံး ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ တစ်နှစ်ပတ်လုံး လျှပ်စစ်ဓာတ်အားရရှိနိုင်မှုမှာ ၀ ဒသမ ၆၀ ကီလိုဝပ်နာရီသန်းဖြစ်သည်။

ကောင်းခါး ရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုမှာ ကောင်းခါးဒေသရှိ တိုင်းရင်းသားများအတွက် ဓာတ်အားလုံလောက်မှုရှိသည့်အပြင်ပိုလျှံမှုရှိသဖြင့် ဆက်လက်၍ အိမ်တွင်းစက်မှုလုပ်ငန်းများ ထူထောင်သွားနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

**ဂုဏ်ပြုလက်ဆောင်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် လွယ်ခန်း အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမောင်မောင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်စဉ်။** (သတင်းစဉ်)

# နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံအစည်းအဝေးတက်ရန် လာအိုသို့ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၂၅**

(၃၈)ကြိမ်မြောက် အာဆီယံ အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆွန်ဆာဗက်လန်ဆာဗတ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၀၅ခုနှစ် ဇူလိုင် ၂၅ရက်မှ ၂၉ရက်အထိ ကျင်းပမည့် (၃၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ ဒေသဆိုင်ရာ ဆွေးနွေးပွဲ (အေအာရ်အက်ဖ်)၊ အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့်အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့သို့ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံမတ်ကြီး ဦးတင်ဦး၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးသိန်းလွင်၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအုံ၊ လက်ထောက်ညွှန်ကြားရေးမှူးဦးညီစိုးနှင့် ဗီယင်ကျန်းမြို့ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးမင်းသိမ်းတို့ ပါဝင်တက်ရောက်ကြမည် ဖြစ်သည်။ (သတင်းစဉ်)

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၈)ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၅**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၁)၊ အမှတ်(၃၈)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ သန်လျင်မြို့တွင် ခေတ်မီတန်ဖိုးနည်းအိမ်ရာစီမံကိန်းက မြေတစ်ကွက်လျှင် ကျပ်တစ်ဆယ့်ငါးသိန်းနှင့် ရောင်းချပေးသွားရန်ရှိ၊ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံထိ တိုးတက်ရောက်ရှိမည်၊ မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်လျက် စာပေစိစစ်ရေးဆိုင်ရာ မူဝါဒတချို့ကို ပြင်ဆင်ပေးတော့မည်၊ စင်ကာပူနိုင်ငံပညာသင်ဆု မြန်မာကျောင်းသားများ ပထမဆုံးအကြိမ် ရရှိတော့မည်၊ MRTV-4 က ထုတ်လွှင့်မည့် 5 Movies အစီအစဉ်မှ နိုင်ငံခြား ဓာတ်လမ်းအညွှန်းများ စသည့် ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီဖြစ်သည်။

ဂလိုဘယ်လိုက်ဇေးရှင်း၏ဖိအားကို လူငယ်များကြံ့ကြံ့ခံနိုင်ရန် ပညာရေးကဏ္ဍ အလွန်အရေးကြီးလာ၊ လန်ဒန်မြေအောက်ဘူတာများနှင့် ဘတ်စ်ကားတစ်စီးပေါ် ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်၊ စိတ်ကျရောဂါက ကိရိယာကို ဈေးကွက်တင်ခွင့်ပြု စသည့် နိုင်ငံတကာ မျက်မှောက်သတင်းထူးသတင်းဦးများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ အားကစားနှင့် ဖျော်ဖြေရေး ကဏ္ဍစုံလင်စွာကို e-Empire Media House ဖုန်း–၅၄၈၈၉၀ က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

✳ မုံရွာခရိုင်မှ

ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အဆိုတော် ဒေါ်ရီရီသန့်က ထူးမခြားနားသီချင်းဖြင့် သီကျူးပူဇော်သည်။

## ပရိတ်ရေပက်ဖျန်း

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ မဟာဇေတိကာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို သံဃာတော်များအား ဆက်ကပ်ကြသည်။ ယင်းနောက် ဆရာတော် သံဃာတော်တို့က မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ကျောင်းပရိဝုဏ်ရင်ပြင်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး အခမ်းအနားမှူး သာသနာရေးဦးစီးဌာနမှ ဦးသူရက မဟာဝိဟာရဂါထာနှင့် ပရိယတ္တိ သဒ္ဓမ္မသာသနာတော်အား လှူဒါန်းခြင်းစာတမ်းကို ဖတ်ကြားသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စာသင်တိုက် ပညာပဒေသာပင်အတွက် အလှူရှင်များက စုပေါင်းလှူဒါန်းသော စုစုပေါင်း အလှူငွေကျပ် ၆၆၈၀၀၀၀ ကို အလှူရှင်များကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက တိုင်းမှူး ဗိုလ်ချုပ်သာအေးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် အဆိုတော် ဒေါ်ရီရီသန့်က သာသနာရေးဦးစီးဌာနမှ ဦးသူရရေးစပ်သော ၂၇ ပါဒ စကြာလည်ပိုဒ်စုံရတုနှင့် ထပ်ကွန့်၊ နဘေစပ်၊ ရှစ်ဆယ်ပေါ်တေးထပ်တို့ဖြင့် သီကျူးပူဇော်သည်။

## နေ့ဆွမ်းဆက်ကပ်

ယင်းနောက် နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ မဟာဇေတိကာရာမကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရုပ်သိမ်းလိုက်ပြီး ဆရာတော်သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် အဆိုပါ ရွှေတောင်ဦး ပရိယတ္တိစာသင်တိုက် ပရိဝုဏ်အတွင်း မဟာဗောဓိမြိုင်တော်၌ မဟာဗောဓိပင် စိုက်ပျိုးပူဇော်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားမှူးဦးသူရက ဗောဓိရက္ခရောပနပူဇာဂါထာကို ဖတ်ကြားပူဇော်သည်။

## ဗောဓိပင်စိုက်ပျိုး

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် တာဝန်ရှိသူများ၊ အလှူရှင်များသည် သတ်မှတ်နေရာများတွင် မဟာဗောဓိပင်များကို အသီးသီးစိုက်ပျိုး ပူဇော်ပေးကြပြီး မြေဆီမြေလွှာ မြေသြဇာများ၊ မင်္ဂလာရေစင်များ ထည့်သွင်းသွန်းလောင်းကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထို့နောက် ပရိသတ်တို့က ဗုဒ္ဓံသရဏံ ဂစ္ဆာမိ အစချီ ဂါထာတော်ကို ရွတ်ဆိုပူဇော်ကြပြီး အခမ်းအနားမှူး ဦးသူရက ဇယမင်္ဂလာအောင်ဂါထာကို ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ရတနာ ရွှေမိုး ငွေမိုးများ ရွာသွန်းဖြိုးပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရွှေတောင်ဦး တိပိဋကဓမ္မပါလ မဟာဝိဟာရတွင် သိမ်တစ်ဆောင်၊ ထေရာဝါသ နှစ်ဆောင်၊ ဓမ္မာရုံ တစ်ဆောင်၊ ဆွမ်းစား ဆွမ်းချက်ဆောင်တစ်ဆောင်၊ စာကြည့်တိုက်တစ်ဆောင်၊ စာသင်သား နှစ်ပါးအိပ်ဆောင် ၁၂ လုံး၊ စုစုပေါင်း အဆောက်အအုံ ၁၈လုံးနှင့် မုခ်ဦး၊ အုတ်တံတိုင်း၊ ရေစင်တို့ကို တည်ဆောက်ထားရှိပြီး တိပိဋက စာသင်သား ၂၄ ပါး လက်ခံနိုင်ရေးအတွက် ဆောက်လုပ်လှူဒါန်းထားသည်။ (သတင်းစဉ်)

# မြင်းခြံမြို့ ဆန္ဒတော်ပြည့် စေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၅**

မြင်းခြံမြို့ ဆန္ဒတော်ပြည့် စေတီတော်မြတ်ကြီး၏ ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း စုပေါင်းကပ်လှူပွဲကို ဇူလိုင် ၂၀ ရက်တွင် ဆန္ဒတော်ပြည့် ဓမ္မာရုံကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တနန္ဒဝံသအမှူးပြုသည့် ဆရာတော်ကြီးများ၊ မြို့ပေါ်စာသင်တိုက် အသီးသီးတို့မှ တိုက်အုပ် ဆရာတော်များ၊ မင်းကျောင်းတိုက်မှ သံဃာတော်များ ကြွရောက်တော်မူကြပြီး မြင်းခြံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြအောင်နှင့် အလုပ်အမှုဆောင်များ၊ ဆန္ဒတော်ပြည့် စေတီတော်မြတ်ကြီး၏ အကျိုးတော်ဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိသတ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး အကျိုးတော်ဆောင်များနှင့် အလှူရှင်များက ဆန္ဒတော်ပြည့် စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်တော်အတွင်း၌ ကိန်းဝပ် စံပယ်တော်မူလျက်ရှိကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူတို့အား ရွှေသင်္ကန်းကပ်လှူ၍ သံဃာတော် ၁၈၅ ပါးတို့အား ဝါဆိုသင်္ကန်းများကို စုပေါင်းကပ်လှူကြသည်။(သတင်းစဉ်)

# ရွှေပြည်ဟိန်းဆရာတော် တရားပွဲများကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၅**

စစ်ကိုင်းတောင်ရိုး ရွှေကျောင်းနှင့် ရန်ကုန်မြို့ ရွှေပြည်ဟိန်းကျောင်း ဆရာတော် သီတဂူ ကြာတစ်ပွင့် အရှင်ခေမာသိရီလင်္ကာရသည် ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကင်းပြည်သာယာဓမ္မာရုံ၊ မွန်းလွဲ ၁နာရီတွင် ကံဘဲ့မိုးကောင်း အရိယာဓမ္မာရုံ၊ ဇူလိုင် ၃၀ရက် ည၌ ရွှေပြည်ဟိန်းကျောင်း စနေပတ်ဓမ္မသဘင်၊ ဩဂုတ် ၂ရက်နှင့် ၃ရက်တွင် စစ်ကိုင်းမြို့ ဝါးချက်ရွာလမ်း အလှူတော်ဓမ္မသဘင်နှင့် ဩဂုတ် ၅ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပ (၉)ရပ်ကွက် လူထုဓမ္မာရုံတို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်း

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်တိုင်း ထောက်ကြန့်မြို့နယ် စိန်ရွှေကုန်း မိုးကုတ်ဓမ္မရိပ်သာတွင် ၁၀ ရက် တရားစခန်းပွဲကို ဩဂုတ် ၄ရက်မှ ၁၃ရက်အထိကျင်းပမည် ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုန္ဒရ (ရွှေစက်တော်)နှင့် ဓမ္မကထိကဆရာ ဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

# တီမောလက်(စ်)တေနိုင်ငံဝန်ကြီး ပြန်လည်ထွက်ခွာ

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေး ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ဒေါက်တာဟိုဆေးရာမို့ဟော်တာသည် ယမန်နေ့ည ၈နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ခရီးစဉ်ပြီးဆုံး၍ ပြန်လည်ထွက်ခွာသွားသည့် တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

## ဂါရဝပြုတွေ့ဆုံ

တီမောလက်(စ်)တေ ဒီမိုကရက်တစ်သမ္မတနိုင်ငံ အဆင့်မြင့်ဝန်ကြီးနှင့် နိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဇူလိုင် ၂၃ ရက် ညနေ ၄နာရီတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား လည်းကောင်း၊ ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီတွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအားလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအားလည်းကောင်း ဂါရဝပြုတွေ့ဆုံခဲ့သည်။

ဧည့်သည်တော်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက တည်ခင်းသော ညစာစားပွဲကို ဇူလိုင် ၂၂ ရက် ညပိုင်းတွင် ဂရင်းပလာဇာ ပတ်ရှိုင်ရယ် ဟိုတယ်၌ ကျင်းပခဲ့သည်။

ထို့ပြင် ဧည့်သည်တော် ဝန်ကြီးသည် ဇူလိုင် ၂၁ ရက် မွန်းလွဲ ၂နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းတင်ပြသည့် အခမ်းအနားနှင့် ဇူလိုင် ၂၂ ရက် နံနက် ၁၁နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံနှင့် တီမောလက်(စ်)တေ ဒီမိုကရက်တစ် သမ္မတနိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်နိုင်သည့် အခြေအနေများ ရှင်းလင်းတင်ပြသည့် အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။ (သတင်းစဉ်)

**လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး**

**မန္တလေးမြို့**

**၂၀၀၅ခုနှစ် ဇူလိုင် ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ။**

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၂၆-၇-၂၀၀၅ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်

၈:၀၀ ၇။ အကပြိုင်ပွဲ

၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ

၈:၂၀ ၉။ ဆပ်သွားတံတား

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ တေးဂီတအစီအစဉ်

၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)

၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက

၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၃၀ ၇။ ခံစားနားဆင်တေးဓာတ်ဝင်

၅:၄၀ ၈။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၅:၅၀ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၆:၁၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး" (အပိုင်း-၈)**

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေးနီမလေးရဲ့ချစ်ပုံပြင်" (အပိုင်း-၈)**

၇:၃၀ ၁၄။ အာရှ-ဥရောပလူငယ်အားကစားပြိုင်ပွဲတွင် ခြင်းလုံးခတ်ပြသပါဝင်

၇:၃၅ ၁၅။ မြန်မာ့မီးရထားစွမ်းအားကျောက်ရေတွင်း ခုံးကျော်တံတား

၇:၄၅ ၁၆။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ဝူရှူး)

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟေမာန်ဆောင်း၏ချစ်သံစဉ်" (အပိုင်း-၃၈)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

# တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

**ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီးစာသင်တိုက်၁၅တိုက်နှင့် သီလရှင် စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်စာသင်တိုက် ပြည်လုံးချမ်းသာ မဟာသိမ်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားသို့ နိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိကာယ်စာသင်တိုက် ပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့်တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ဘုန်းတော်ကြီး စာသင်တိုက်များသို့ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးမှူး (ပထမတန်း) (လေ) ဒုတိယဗိုလ်မှူးကြီး သန်းဆွေတို့က ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဝန်ကြီးဌာနက ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆွမ်းဆန်တော်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေး ဦးပိုင်လီမိတက်က ပဒုမ္မာဆပ်ပြာ ၃၂၀၁ တောင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆွမ်းဆန်တော်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ဆွမ်းဆန်တော် အိတ် ၃၀၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုက တိုင်းရင်းဆေးမျိုးစုံဘူး ၄၀၀၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက အိုင်အိုဒင်းဆား ၁၆၀၁ ပိဿာနှင့် သွားတိုက်ဆားဘူး ၃၂၀၊ မှန်ချိုဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်နှင့် ကေသီပန်ဆေးတိုက်တို့မှ တိုင်းရင်းဆေးဝါးများ၊ အိုကေဆန်ရောင်းဝယ်ရေး (ဘုရင့်နောင်ပွဲရုံ)ကဆွမ်းဆန်တော် ၁၀ အိတ်၊ စန္ဒီပရဆေးမိသားစုက ဆွမ်းဆန်တော် ၁၀ အိတ်၊ Myanmar Distribution Group Co., Ltd နာယက မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမြသိန်းက Gold Roast ကော်ဖီမစ်၁၇ထုပ်၊ Royal Myanmar တီးမစ် ၃၄၇ထုပ်၊ Calsome ကွေကာ ၁၇ထုပ်နှင့် Gold ကော်ဖီမစ် ၁၇ထုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ငါးခြောက်ပိဿာ ၅၀ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက သီလရှင်စာသင်တိုက်နှစ်တိုက်သို့ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီနှင့်ပဲတို့ကို တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများကိုယ်စား စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် စစ်ဦးစီးမှူး (ပထမတန်း) (လေ) ဒုတိယဗိုလ်မှူးကြီး သန်းဆွေတို့က သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စာသင်တိုက်များအတွက် ဆွမ်းပဒေသာပင်အလှူငွေအဖြစ် အလှူရှင်များဖြစ်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၅၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒဂုံမြို့သစ်လေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ငွေကျပ် ၄၀၀၀၀၀၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၂) စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီက ငွေကျပ် ၇၀၀၀၀၀၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦး နာရီအရောင်းဆိုင်မိသားစုက ငွေကျပ် ၆၀၀၀၀၀၊ နန်းထိုက်တော်ဝင်မိသားစုက ငွေကျပ် ၅၅၀၀၀၀၊ Mother Trading Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြတ်၊ ဦးဝင်းလွင် (ကျော်သာ Co., Ltd)၊ ဒေါက်တာ စိုင်းဆမ်ထွန်း (လွယ်ဟိန်း Co., Ltd)၊ ဦးရန်ဟော် (YMI Co., Ltd)၊ MDG Co., Ltd နာယက

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့**

**ဆက်ကပ်လှူဒါန်း**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်လေးမြို့နယ်ရှိ ဘုန်းတော်ကြီး စာသင်တိုက်၁၅တိုက်၊ သီလရှင်စာသင်တိုက်နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲ လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လားရှိုးမြို့ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။** (သတင်းစဉ်)

**စာမျက်နှာ ၆ မှ**

ဇူလိုင် ၂၃ရက် မွန်းလွဲ ၂နာရီတွင် လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ သွားရောက်ပြီး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများကိုမှာကြားသည်။

ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုံးရှိ နံရံကပ်စာစောင်များ၊ ရုပ်မြင်သံကြားပြသခန်းနှင့် စာဖတ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ဆက်လက်တွေ့ဆုံရာ မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံး၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ဦးစီးဌာနလုပ်ငန်းများမှ ဝန်ထမ်းများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်အလိုက် ပိုမိုကျွမ်းကျင် တိုးတက်လာအောင် အစဉ်ကြိုးပမ်းသွားကြရန်နှင့်လက်အောက်ဝန်ထမ်းများအပေါ် အမြဲမပြတ် ကြည့်ရှုစောင့်ရှောက်ပေးရန်။

မော်ကွန်းရုပ်ရှင်ပြသရာတွင် ယခင်ပြသမှုမပြုရသေးသည့်ဒေသများတွင် ဦးစားပေးပြသရန်၊ ငှားရမ်းထားသည့် ရုပ်ရှင်ပြုပြင်ထိန်းသိမ်းရေးကို လျာထားချက်များ ရေးဆွဲသတ်မှတ်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးရရှိမှု၊ စက်သုံးဆီ ရရှိမှုအပေါ် မူတည်၍ရုပ်မြင်သံကြားထပ်ဆင့်ထုတ်လွှင့်ချိန် အပြည့်အဝဆောင်ရွက်ပေးရန်၊ ကိုယ်ပွားသတင်းစာတိုက်ထုတ် ကြော်ငြာအချပ်ပိုနှင့် နေ့စဉ်ထုတ်သတင်းစာကြော်ငြာအတွက် ကြော်ငြာလက်ခံဌာနများကို ဒေသအတွင်းရှိ မြို့ကြီးများတွင် တိုးချဲ့ဖွင့်လှစ်နိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊ ၂၀၀၅ခုနှစ် ဩဂုတ်လမှစပြီး လားရှိုးကိုယ်ပွားသတင်းစာတိုက်တွင် သတင်းစာစောင်ရေ တိုးတက်ရိုက်နှိပ်၍ ကျေးရွာများသို့ ပိုမိုကျယ်ပြန့်စွာရောက်ရှိနိုင်အောင် ဖြန့်ချိသွားရန်။

ကျေးရွာကိုယ့် အားကိုယ်ကိုး စာကြည့်တိုက်များ ၂၀၀၆ခုနှစ်တွင် အားလုံး ဖွင့်လှစ်နိုင်ရေးအတွက် ငွေကြေးနှင့် စာအုပ်စာစောင် လှူဒါန်းလိုသည့်အလှူရှင်များ ပိုမိုကျယ်ကျယ်ပြန့်ပြန့် သိရှိလှူဒါန်းနိုင်အောင် ဒေသအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ကွင်းဆင်း၍ ထိတွေ့စည်းရုံးခြင်းအပါအဝင် နည်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကျေးရွာတိုင်းတွင် ရုပ်မြင်သံကြားဖမ်းစက်ရှိရေးနှင့်အိမ်တိုင်း၌ ရေဒီယိုရှိရေးအတွက်လည်း စည်းရုံးဆောင်ရွက်ရန်၊ စက်ရုံများနှင့်ရုံးဌာနများ၏ လုံခြုံရေးနှင့် မီးဘေးလုံခြုံရေးတို့ကို အထူးဂရုပြုဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့ရုပ်ရှင်လုပ်ငန်းစုရုံးသို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြစက်များကြံ့ခိုင်ရေး ပုံမှန်ဆောင်ရွက်ရန်၊ ဖလင်ထားသိုမှု စနစ်တကျရှိရန်နှင့် မီးဘေးလုံခြုံရေးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့သည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဇူလိုင် ၂၃ရက် မွန်းလွဲ ၂နာရီခွဲတွင် လားရှိုးမြို့ရှိ လားရှိုးမိုတယ်သို့သွားရောက်၍ မိုတယ်၏ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် လားရှိုးမြို့ရှိ ပြည်နယ်ဆက်သွယ်ရေးစခန်းနှင့် အိတ်ချိန်းတို့သို့သွားရောက်၍ ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ၊ စက်ပစ္စည်းကိရိယာများ အသုံးချမှုနှင့် ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ဇူလိုင် ၂၃ရက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ရှိ တွဲဖက်ပညာရေးမှူးရုံးသို့သွားရောက်ပြီး တွဲဖက်ပညာရေးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ ပညာရေးဆိုင်ရာ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို အကျယ်တဝင့်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လားရှိုးမြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လားရှိုးမြို့နယ် ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ စုစုပေါင်း ၅၀ဝဦးတို့နှင့် တွေ့ဆုံပြီး ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို အကျယ်တဝင့် မှာကြားသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသော ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇူလိုင်၂၃ရက် မွန်းလွဲ၂နာရီတွင် လားရှိုးမြို့ သူနာပြုသင်တန်းကျောင်းသို့သွားရောက်၍ သင်ကြားရေးနှင့် သင်ကြားရေးပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လားရှိုးမြို့ပြည်သူ့ဆေးရုံကြီး၌ အသစ်ဆောက်လုပ်နေသော ကလေးလူနာကုသဆောင်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို တာဝန်ရှိသူများအားမှာကြားသည်။

ထို့နောက် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ လူနာများအား ဆေးဝါးကုသနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးကုသမှု ဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။ (သတင်းစဉ်)

## မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီးဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

**ရန်ကုန် ဇူလိုင် ၂၆**

၂၀၀၅ ခုနှစ် ဇူလိုင် ၂၆ ရက်၌ ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ နှစ်(၄၀)မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖာသူလာဂျမီးလ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

# လူ့စွမ်းအားအရင်းအမြစ် များများမွေးထုတ်ပေးနိုင်ရန် ပညာရေးကဏ္ဍက ဆောင်ရွက် တိုးတက်ပြောင်းလဲလာနေသည့် IT နည်းပညာများကို အပြည့်အဝ ရယူအသုံးပြု မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် စရိုက်လက္ခဏာများ လျော့ပါးပျောက်ကွယ်မသွားရအောင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်စောင့်ရှောက်

ရန်ကုန် ဇူလိုင် ၂၅

**မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၁/၂၀၀၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၁/၂၀၀၅)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အစည်းအဝေးသို့ မြန်မာနိုင်ငံ ပညာရေး ကော်မတီဝင်များ ဖြစ်ကြသော အစိုးရအဖွဲ့ – အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် လေ့ကျင့်ရေး အရာရှိချုပ်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

## ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးမှာကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အခြေခံပြီး ထူထောင်ရခြင်း ဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် ဆက်နွယ်နေသော လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍနှင့် သားငါးကဏ္ဍတို့ကို အဓိကထားပြီး နှစ်တို၊ နှစ်ရှည် စီးပွားရေးစီမံကိန်းများ ရေးဆွဲချမှတ်ပြီး ဆောင်ရွက်နေကြောင်း။

တိုင်းပြည် ကြွယ်ဝချမ်းသာရန်အတွက် စက်မှုနိုင်ငံ ထူထောင်နိုင်မှ ကြွယ်ဝချမ်းသာပြီး တိုင်းရင်းသားအားလုံး လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားနေနိုင်ကြမည် ဖြစ်ကြောင်း၊ စက်မှုနိုင်ငံ ထူထောင်နိုင်ရန်အတွက် အဓိကအားဖြင့် အရင်းအနှီးနှင့် အတတ်ပညာရှင်၊ အသိပညာရှင်များ လိုအပ်ကြောင်း။

## နောက်ဆုံးနှစ်

အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်များ များများ မွေးထုတ်ပေးနိုင်ရန်အတွက် ပညာရေးကဏ္ဍက တာဝန်ယူဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။ ထို့ကြောင့် ပညာရေးကဏ္ဍကိုလည်း အခြားသော လယ်ယာကဏ္ဍ၊ သစ်တောကဏ္ဍ၊ သားငါးကဏ္ဍများနည်းတူ နှစ် ၃၀ နှစ်ရှည် စီမံကိန်းလုပ်ငန်းများ ရေးဆွဲဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးကလမ်းညွှန်ခဲ့ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် အမျိုးသားပညာရည် မြင့်မားရေး အထူးလေးနှစ်စီမံကိန်းနှင့် ချိတ်ဆက်ပြီး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁–၂၀၀၂မှ ၂၀၃၀–၂၀၃၁ အထိ လုပ်ငန်းစဉ်များ ရေးဆွဲပြုစုပြီး နှစ်တိုငါးနှစ်စီမံကိန်း ကာလခြောက်ခုပိုင်းခြား၍ စီမံကိန်းလုပ်ငန်းစဉ် (၁၀)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် ပထမနှစ်တိုငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ (၂၁)ရာစုတွင် သိပ္ပံနှင့် နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်မှုဆိုင်ရာ နည်းပညာ (IT)များသည် အရှိန်အဟုန်ဖြင့် တိုးတက်လာနေသည့်အတွက် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာကဲ့သို့ ကျဉ်းမြောင်းသွားပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ စစ်ရေးတို့ကိုပါ အရှိန်ပြင်းစွာ ရိုက်ခတ်လာကြောင်း၊ ယင်းတိုးတက်ပြောင်းလဲ လာနေသည့် IT နည်းပညာများကို အပြည့်အဝ ရယူအသုံးပြုနိုင်မှသာလျှင် မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း အမီလိုက်နိုင်မည်ဖြစ်ကြောင်း။

## ပြောင်းလဲကျင့်သုံး

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော သတင်းအချက်အလက်နှင့် ဆက်သွယ်မှု နည်းပညာရပ်များကို စဉ်ဆက်မပြတ် ရယူအသုံးပြုနိုင်ရေးအတွက် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင် အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲကျင့်သုံးရန် လိုအပ်လာကြောင်း၊ ထို့ကြောင့် ၂၀၀၁–၂၀၀၂ ပညာသင်နှစ်မှစပြီး **“မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု”** ဖြစ်ထွန်းလာစေရန် မျှော်မှန်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

**မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၁/၂၀၀၅)ကြိမ်မြောက် အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ အပိုင်းနှစ်ပိုင်းရှိရာ အခြေခံပညာကဏ္ဍသည် အခြေခံအကျဆုံး၊ အရေးအကြီးဆုံးဖြစ်ကြောင်း၊ အောက်ခြေက အခြေခံအုတ်မြစ် ခိုင်ခံ့မှသာ အပေါ်ယံအဆောက်အအုံသည်လည်း ခိုင်ခံ့စိတ်ချရမည်ဖြစ်ကြောင်း။

အခြေခံပညာအဆင့်တွင် မူလတန်းလွန်ကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ရေး၊ မူလတန်းအဆင့်မှ အလယ်တန်းနှင့် အထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူမှု တိုးတက်မြင့်မားလာရေး၊ ပညာသင်နှစ်အတွင်း ကျောင်းသား၊ ကျောင်းသူများ ကျောင်းခေါ်ချိန်ပြည့်မီစွာ တက်ရောက်သင်ယူရေး၊ ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ ပြုစုပျိုးထောင်ပေးရေးနှင့် အခြေအနေအရ ကျောင်းနေခွင့်မရကြသည့် ကလေးများအတွက် အခြေခံပညာကျောင်းများတွင် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

## အဆင့်မြင့်ပညာ

အဆင့်မြင့် ပညာကဏ္ဍတွင်လည်း အခြေခံပညာနည်းတူ အနှစ် ၃၀ နှစ်ရှည်စီမံကိန်းရေးဆွဲ၍ နှစ်တိုငါးနှစ်စီစီမံကိန်းကာလ ခြောက်ခု၊ မျှော်မှန်းချက် (၁၂) ရပ်၊ လုပ်ငန်းစဉ် (၃၆) ခု၊ စီမံချက် (၇၈) ခုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်အစိုးရသည် အဆင့်မြင့်တက္ကသိုလ်ပညာရပ်များကို ယခင်က ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင်သာ သင်ကြားနိုင်ခွင့်ရှိခဲ့ရာမှ မိမိတို့ပြည်နယ်၊ တိုင်းအတွင်း သင်ကြားခွင့်ရရှိစေရန် တစ်နိုင်ငံလုံး ဖွံ့ဖြိုးရေးဒေသကြီး ၂၄ ခု ရွေးချယ်သတ်မှတ်၍ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ တည်ထောင် ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်ကျောင်းပေါင်း ၁၅၆ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသူ၊ ကျောင်းသားပေါင်း နှစ်သိန်းကျော်ရှိကြောင်း၊ ၁၉၄၈ ခုနှစ်က လူဦးရေတစ်သိန်းလျှင် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား ၁၄ဦးသာရှိခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ၃၅၂ဦးရှိခဲ့ရာမှ ယခု ၂၀၀၄ ခုနှစ် ပညာသင်နှစ်တွင် ၁၄၀၈ဦးအထိ ရှိနေပြီဖြစ်ကြောင်း။

## လက်လှမ်းတမီ

နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန် ပြည်နယ်၊ တိုင်းအသီးသီး၌ အခြေခံပညာ ကျောင်းများရော၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများကိုပါ လက်လှမ်းတမီရှိ အချက်အချာနေရာ အသီးသီးတို့၌ တည်ထောင်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း၊ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များကို ပညာရေးဝန်ထမ်းများအနေဖြင့် ရေးဆွဲချမှတ်ထားသည့် နှစ်တို၊ နှစ်ရှည် စီမံချက်များနှင့်အညီ အလေးအနက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တာဝန်ရှိကြောင်း။

တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ကမ္ဘာကြီးနှင့် အမီလိုက်ပါရာတွင် ကမ္ဘာ့နိုင်ငံ အများအပြားနှင့် ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲလာသော်လည်း မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေး စရိုက်လက္ခဏာစံနှုန်းများလျော့ပါး ပျောက်ကွယ်ဆုံးရှုံးမသွားစေရအောင် တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်သွားကြရန် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ အတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က မြန်မာနိုင်ငံ ပညာရေးကော်မတီ၏ (၄/၂၀၀၄)ကြိမ်မြောက် အစည်းအဝေး မှတ်တမ်းကို တင်ပြအတည်ပြုချက် ရယူသည်။

## ပါဝင်ဆွေးနွေး

ထို့နောက် လူ့စွမ်းအား အရင်းအမြစ် အဆက်မပြတ်ရေးအတွက် သင်ကြားရေးအစီအစဉ်များ ဆောင်ရွက်ထားမှု အခြေအနေ၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် ဖွင့်လှစ်ပြီးမှု အခြေအနေ၊ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် အဆင့်မြင့် ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ကျောင်းနေအရွယ် ကလေးအားလုံး မူလတန်းပညာ သင်ယူပြီးမြောက်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်တွင် ဆောင်ရွက်မည့် အခြေခံ စာတတ်မြောက်ရေး

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ✧

✧ စာမျက်နှာ ၁၃မှ

အစီအစဉ်နှင့် ရပ်ရွာပညာပဒေသာဌာန လုပ်ငန်း အစီအစဉ်များ၊ သစ်တော ပညာကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်များ ပညာသင်ကြားမှုဆိုင်ရာကိစ္စတို့နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေးကော်မတီဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များက ပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

# ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ဖေဖေ **ဦးသန်းဌွေး**နှင့် မေမေ **ဒေါ်စိုးဝတ်ရည်**တို့၏ (၂၆–၇–၂၀၀၅)ရက်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ရတုများစွာသို့တိုင်အောင် ချစ်သား၊ ချစ်သမီးများနှင့်အတူ ကိုယ်စိတ်နှစ်ပါး အေးချမ်းစွာဖြင့် နိုင်ငံ့အကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုးသယ်ပိုးထမ်းဆောင် အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**အာကာသန်းဌွေး**
**ရည်မွန်သန်းဌွေး**
**ရဲဝံ့သန်းဌွေး။**

❍ စာမျက်နှာ ၁၂မှ

ဦးမြသိန်း၊ဦးသက်အောင် (Winner Brother Co.,)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် စက်မှုဇုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁) စက်မှုဇုန်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က ငွေကျပ် ၅၀၀၀၀၀စီ၊သပြေညိုအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး မိသားစု၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးစံငြိမ်း မိသားစု၊ ကံ့ကော်ရွှေပြည် ဦးသန်းထွန်းမိသားစု၊ ရန်ကင်းမြို့နယ်မှ သီဟသုခမ္မမဏိဇောတရေ သီရိသုခမ္မ မဏိဇောတရေ ဦးကျော်မင်း မိသားစု၊ ဗိုလ်တထောင်မြို့နယ်မှ ဦးစိုးဟန်လင်း မိသားစု၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မှကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစု၊ ရန်ကင်းမြို့နယ်မှ ဒေါက်တာဝင်းဇော် မိသားစု၊ Super 7 Stars မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစုနှင့် မြင့်အောင်မြတ်ကုမ္ပဏီလီမိတက်မှ ဦးအောင်မွန်တို့က ငွေကျပ် ၄၀၀၀၀၀စီ၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေဝင်းဆွေ၊ ဒေါ်စန္ဒာ မိသားစု၊ ဦးတင်မောင်(စာရေးဆရာ ကရမက်) မိသားစုနှင့် မြန်မာပြည်သားဟော့KN ကုမ္ပဏီ မိသားစုတို့က ငွေကျပ် ၃၀၀၀၀၀စီ၊ ဦးသိန်းမောင်–ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် ၂၂၀၀၇၀၊ဘီတီဘီကုမ္ပဏီဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်မိသားစု၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် စီးပွားရေး ဖွံ့ဖြိုးမှုဇုန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် တည်းခိုခန်းလုပ်ငန်းရှင်များနှင့် ဦးမင်းမောင်မောင်–ဒေါ်တင်တင်အောင် (ဆာကူရာ ဆောက်လုပ်ရေးမိသားစု) တို့က ငွေကျပ် ၂၀၀၀၀၀စီ၊ဝင်းရတနာခရီးသွားလုပ်ငန်းက ငွေကျပ် ၁၈၀၀၀၀၊ သမ္မတသက်န်းတိုက် မိသားစုက ငွေကျပ် ၁၇၀၀၀၀၊ ထက်လင်းဆေးတိုက်မှ ဦးခင်မောင်ထွန်း၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေ၊ ဆန်းမြန်မာကုမ္ပဏီမိသားစု၊ ကေသီပန်ဆေးတိုက်မိသားစု၊ ဦးမောင်မောင်–ဒေါ်ခင်ဝင်းဆွေမိသားစု၊ သာကေတမြို့နယ် မဇ္ဈိမဂုဏ်ရည် မဟာစည် သာသနာ့ရိပ်သာနှင့် ဦးနိုင်ဝင်း–ဒေါ်ခင်မိုးဆွေမိသားစုတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ဦးသန်းမောင် – ဒေါ်ငွေကြည် မိသားစု (ချမ်းမြေ့စတိုး) က ငွေကျပ်၆၅၀၀၀၊သမားတော်ကြီးဦးလှဌွေး – သီရိသုခမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး မုန်ချိုဆေးတိုက်မိသားစုက ငွေကျပ် ၅၂၀၀၀၊ လမ်းမတော်မြို့နယ်မှ ဒေါ်လှလှက ငွေကျပ် ၅၀၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဆန်ဆီလုပ်ငန်းရှင်များက ငွေကျပ် ၁၁၀၀၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဒဂုံတော်ဝင် မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစု၊ ဆန်းလိုက်ဖိုင်ဘာဂလပ်စ်မိသားစု၊ မက်ထရောနစ် လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေးမိသားစု၊ ရွှေပင်လုံ အိမ်ရာဆောက်လုပ်ရေး ကုမ္ပဏီ မိသားစု၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် စက်မှုဇုန် စီမံခန့်ခွဲမှုကော်မတီ၊ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် မြို့နယ်များမှ တရားရုံးဝန်ထမ်း မိသားစု၊ လွင်ကျော် မော်တော်ယာဉ်ထုတ်လုပ်ရေး မိသားစု၊ ဆန်းဖလားဝါး မော်တော်ယာဉ် ထုတ်လုပ်ရေး မိသားစုနှင့် Myanmar Vs မော်တော်ယာဉ် ထုတ်လုပ်ရေး မိသားစုတို့က ငွေကျပ် ၁၀၀၀၀၀စီ၊ ပန်ဆန်း မော်တော်ယာဉ်ထုတ်လုပ်ရေး၊ ရှိုင်းဆောက်လုပ်ရေး၊ ဆာကူရာ ဆောက်လုပ်ရေးနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ရှမ်းတဲကြီးကျေးရွာ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းတို့က ငွေကျပ် ၅၀၀၀၀စီ တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏လှူဒါန်းမှု စုစုပေါင်းမှာ ဆွမ်းဆန်တော် ၃၈၄အိတ်၊ ဆီပိဿာ ၁၆၀၊ ပဲ ၂၈၈ပိဿာ၊ အိုင်အိုဒင်းဆား ၁၆၀၁ ပိဿာ၊ သွားတိုက်ဆားဘူး ၃၂၀၊ ငါးခြောက်ပိဿာ ၅၀၊ တိုင်းရင်းဆေးမျိုးစုံ ဘူး ၄၄၂၀၊ ကော်ဖီမစ်နှင့် တီးမစ် ၃၉၈ထုပ်၊ ပဒုမ္မာဆပ်ပြာ ၃၂၀၁ တောင့်နှင့် ဆွမ်းပဒေသာပင်အလှူငွေကျပ် ၁၅၃၁၀၀၇၀ တို့ဖြစ်သည်။

အလားတူဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃တိုက်၊ သီလရှင် စာသင်တိုက် ခုနစ်တိုက်နှင့်နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲလှူဒါန်းပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မင်္ဂလာဈေးခမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏ အမှူးပြုသော ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီးပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သောဘဏထံမှ ပရိသတ်တို့က ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တက် ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက ဘုန်းတော်ကြီး စာသင်တိုက် ၂၃တိုက်၊ သီလရှင် စာသင်တိုက် ခုနစ်တိုက်နှင့်နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ ကိုယ်စားတွဲဖက် စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ စစ်ဦးစီး ဗိုလ်မှူးကြီး(လေ) ဗိုလ်မှူးကြီး ချန်မောင်တို့က ဆက်ကပ်လှူဒါန်းကြ သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဝန်ကြီးဌာနက ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆွမ်းဆန်တော်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်က ဆီနှင့်ပဒုမ္မာဆပ်ပြာများ၊ ရန်ကုန် အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်များ၊ OK ဆန်ပွဲရုံမှ ဆွမ်းဆန်တော် ၁၀အိတ်၊ စန္ဒီပရဆေး မိသားစုက ဆွမ်း ဆန်တော် ၁၀ အိတ်၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ အသင်းတို့က အိုင်အိုဒင်းဆား ၁၁၆အိတ်နှင့် သွားတိုက်ဆားဘူးများ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစု၊ မုန်ချိုဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ထွန်းရွှေဝါဆေးတိုက်နှင့် ထက်လင်းဆေးတိုက်တို့မှ တိုင်းရင်းဆေးများ၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငါးခြောက်ပိဿာ ၅၀တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စာသင်တိုက်များအတွက် ဆွမ်းပဒေသာပင်အလှူငွေအဖြစ် အလှူရှင်များဖြစ်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေ ကျပ် ၃၀၀၀၀၀၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၅၅၀၀၀၊ သမ္မတသက်န်းတိုက်ပိုင်ရှင် ဦးသန်းနိုင်နှင့် ဒေါ်ကြည်ကြည်ဆွေမိသားစုက ညေဝတီစာသင်တိုက် ဘုန်းတော်ကြီးနှင့် သီလရှင်စာသင်တိုက်များအတွက် ငွေကျပ် ၈၁၀၀၀၀၊ ဂိုးလ်ယူနီကုမ္ပဏီက ငွေကျပ် ၂၀၀၀၀၀၊ ပုဂံဟိုတယ်က ငွေကျပ်၃၀၀၀၀၀၊ မြန်မာပြည်သားကေအမ် ကုမ္ပဏီက ငွေကျပ် ၂၀၀၀၀၀၊ စန္ဒီပရဆေးမိသားစုက ငွေကျပ် ၂၂၀၀၇၀၊ BTB ကုမ္ပဏီက ငွေကျပ် ၂၀၀၀၀၀၊ မြင့်မြတ်ဆန်စပါးစိုက်ပျိုးရေးက ငွေကျပ် ၂၀၀၀၀၀၊ ဝင်းရတနာခရီးသည်ပို့ဆောင်ရေးက ငွေကျပ် ၁၅၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်က ငွေကျပ် ၁၀၀၀၀၀၊ထက်လင်းဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ဆန်းမြန်မာ ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၁၀၀၀၀၀စီ၊ အေရှားအိပ်စ်ပရက်စ်က ငွေကျပ် ၁၀၀၀၀၀၊ ချမ်းမြေ့စတိုးက ငွေကျပ် ၆၅၀၀၀၊ မုန်ချိုဆေးတိုက်က ငွေကျပ် ၅၂၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေများကို အသီးသီးပေးအပ်ကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။

ဗဟန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၃ တိုက်၊ သီလရှင် စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် လှူဒါန်းမှု စုစုပေါင်းမှာ ဆွမ်းဆန်တော်အိတ် ၈၉၀၊ ဆီ ၃၄၆ပိဿာ၊ ပဲ ၆၈၂ပိဿာ၊ အိုင်အိုဒင်းဆား ၃၄၆၂အိတ်၊ သွားတိုက်ဆား ၆၈၂ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၅၀၁၅ဘူး၊ ဆပ်ပြာချော၊ ကြမ်း ၆၈၂၄ တောင့်၊ ငါးခြောက်ပိဿာ ၅၀နှင့် ငွေကျပ် ၃၆၇၂၀၇၀တို့ဖြစ် သည်။ (သတင်းစဉ်)


# တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုမှတ်တမ်း

(၁၉၈၈ – ၁၂.၂.၂၀၀၅)

ဝယ်ယူရရှိနိုင်ပါပြီ


# မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ဖြန့်ချိရောင်းချ

**ရန်ကုန် ဇူလိုင် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ကို ဖြန့်ချိရောင်းချပြီဖြစ်သည်။

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များသည် ယခင်ထုတ်ဝေခဲ့ပြီးသော မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅) တွဲ၏ အဖြည့်ကျမ်းများဖြစ်ရာ မြန်မာ့စွယ်စုံကျမ်းများတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များ ပါရှိသည်။

ယခုထုတ်ဝေလိုက်သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄တွင် အပိုင်းသုံးပိုင်း ခွဲခြားတင်ပြထားရာ ပထမပိုင်းတွင် ၂၀၀၃ခုနှစ်အတွင်း တစ်နှစ်တာဖြစ်ရပ်များ ဖော်ပြထားပြီး ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ မြန်မာ့ဗိသုကာပညာ၊ မြန်မာ့ရိုးရာ တူရိယာပစ္စည်းများပြပွဲ၊ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ မြန်မာဝတ္ထုရှည်နှစ် ၁၀၀ခရီး၊ ကျေးလက်ဒေသ၏ ပညာဘဏ်တိုက်များ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ (၁၉၉၃–၂၀၀၄)နှင့် အရှေ့တောင်အာရှ၏ တစ်ခုတည်းသော ယွန်းပညာကောလိပ် စသည့် နှစ်ချုပ်ဆောင်းပါးရှစ်ပုဒ် ပါရှိသည်။

တတိယပိုင်းတွင် ၂၀၀၃ခုနှစ်အကြောင်းရပ်များနှင့် အက္ခရာစဉ်အညွှန်းပါရှိသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၂၀၀၄ ကို စက္ကူဖြူချောဖြင့် ပုံနှိပ်ထားပြီး ကြွေစက္ကူရောင်စုံပုံရှစ်ပုံ၊ အဖြူအမည်းပုံ ၁၅၀ ကျော်နှင့် စာမျက်နှာပေါင်း ၃၀၀ကျော်ပါရှိသည်။

အဆိုပါစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ်ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့်နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သည်။ (သတင်းစဉ်)

# အမွေပြတ်စွန့်လွှတ်ခြင်း

[၁၂/မဂဒ (နိုင်) ၀၁၂၇၈၁] ကိုင်ဆောင်သူ မလှလှညွန့်သည် မိဘဆိုဆုံးမမှုကို မနာခံဘဲ မိဘဆွေမျိုးဂုဏ်သိက္ခာထိခိုက်အောင် ပြုလုပ်နေပါ၍ ယနေ့မှစပြီး မွေးစားသမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပြီး ဖြစ်ပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်(ငြိမ်း)**
**ဒေါ်ခင်လှတင်(ခ)ဒေါ်လှတင်။**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၇–၂၀၀၅ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | တေးဂီတအစီအစဉ် |
| ၇:၁၀ | ပေါင်းစုအင်အား အခြေခံသမဝါယမ အားမာန် |
| ၇:၂၀ | တေးဂီတအစီအစဉ် |
| ၇:၂၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၇:၃၀ | ဂီတလွင်ပြင်(မူကြို) |
| ၇:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၅၀ | တေးဂီတအစီအစဉ် |
| ၇:၅၅ | အင်းတော်ကြီးကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး |
| ၈:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၁၀ | ဝယ်ချင်စရာမျိုးစုံစွာ |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | စက်သုံးဆီချွေတာဖို့ သဘာဝဓာတ်ငွေ့သုံးကြစို့ |
| ၈:၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | Sunday Talk |
| ၉:၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၄၅ | ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ် (လွင်မိုး၊ထွန်းထွန်းဝင်း၊အိန္ဒြာကျော်ဇင်၊ခင်သန်းနွယ်) |
| ၁၀:၀၅ | တေးဂီတအစီအစဉ် |
| ၁၀:၁၀ | မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ (အပိုင်း–၁) |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | မြေနမူနာထုတ်ယူခြင်းမှရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း |
| ၁၀:၅၅ | တေးဂီတအစီအစဉ် |
| ၁၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

နိုင်ငံတော်သြဝါဒါစရိယ မုံရွာမြို့ မဟာဇေတိကာရာမ ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိန္ဒထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ဇနီး ဒေါ်မြမြစန်းနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

# မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦး တောင်ခြေရှိ တိပိဋကဓမ္မပါလ မဟာဝိဟာရ ရေစက်ချကျောင်းလှူတန်းပူဇော်ပွဲ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၅

စစ်ကိုင်းတိုင်း မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရွှေတောင်ဦးတောင်ခြေရှိ တိပိဋကဓမ္မပါလ မဟာဝိဟာရ ရေစက်ချကျောင်းလှူတန်းပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၈ နာရီတွင် ရွှေတောင်ဦးပရိယတ္တိစာသင်တိုက် ဓမ္မဝိနယဓမ္မာရုံ၌ကျင်းပရာ ပင့်သံဃာဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်း၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင် သောင်း၏ဇနီး ဒေါ်ခင်ခင်ရီ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Dr. Surakiart Sathirathai အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အထူး ကိုယ်စားလှယ်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Dr. Surakiart Sathirathai ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့်အတူ တပ်မတော် စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေး ဝန်ကြီးဌာန

**စာမျက်နှာ ၃ ကော်လံ ၆ သို့** ●

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး